ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)**
**(၂၁.၉.၂၀၁၈)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်**
**ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့**
**စိစစ်သုံးသပ်တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇-၉-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့သည့် ကိုယ်စားလှယ်မရှိသည့်အတွက် သက်ဆိုင်ရာ ရေးရာကော်မတီ (၂)ခုမှ စိစစ်သုံးသပ်တင်ပြချက် အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများမှ ဦးစီးဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများနှင့် တက်ရောက်လာကြသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ရှမ်းပြည်နယ်ဘဏ္ဍာငွေနဲ့ပတ်သက်ပြီး Budget ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံသားဘတ်ဂျက်နဲ့ပတ်သက်လို့ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုအတွက် ရည်ရွယ်၍ သာမန်ပြည်သူများ အလွယ်တကူနားလည်နိုင်စေမည့် ဘတ်ဂျက်အချက်အလက်များ၊ အရေးပါသော အမှန်ဖြစ်ရပ်များ၊ ကိန်းဂဏန်းများနှင့် အစိုးရ၏အသုံးစရိတ်နှင့် ဝင်ငွေများ အကြောင်း သတင်းအချက်အလက်များပါဝင်သော မှတ်တမ်းတစ်ခုဖြစ်ပါတယ်။

ဒါ့အပြင် Citizen Budget ဆိုသည်မှာ နိုင်ငံတော်၏ ဘတ်ဂျက်လုပ်ငန်းစဉ်၊ မေခရို စီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး နှစ်အတွက် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်း အသုံးစရိတ်၊ ဘတ်ဂျက် လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေး စသည့်အသုံးစရိတ်များ၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့သည် သာမန်ပြည်သူ များ နားလည်ရန် ခက်ခဲသဖြင့် ရှင်းလင်းလွယ်ကူစွာ နားလည် သိမြင်စေရန် အနှစ်ချုပ်တင်ပြသည့် စာစောင်ဖြစ်ပါတယ်။

နိုင်ငံသားတွေ ဘာကြောင့် အစိုးရ၏ဘတ်ဂျက်ကို နားလည်သိရှိသင့်သလဲဆိုရင် နိုင်ငံတိုင်းတွင် ဘဏ္ဍာရေးအရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ရှိပါတယ်။ ပြည်သူ့ လိုအပ်ချက်များနှင့် အမှန်တကယ် လက်ဝယ်၌ ရှိနေသော ဘဏ္ဍာရေးအရင်းအမြစ်များ အကြား ကွာဟနေတတ်ပါတယ်။ ပြည်သူလူထုအနေဖြင့် လျော့ကန်သော ဘုံလိုအပ်ချက် များကို ရှာဖွေရန် လိုအပ်ပါတယ်။ ပြည်သူတို့ ပေးဆောင်ခဲ့သော အခွန်အကောက်များ မည်သည့်နေရာသို့ ရောက်ရှိ သွားသလဲဆိုတဲ့ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုလည်း လိုအပ်တာ ဖြစ်ပါတယ်။ နိုင်ငံတော် ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ ဘဏ္ဍာရေးမူဝါဒနှင့် ပြည်သူ့အသုံးစရိတ်စီမံခန့်ခွဲမှုများကို နားလည်ဖို့ လိုအပ်ပါတယ်။

နိုင်ငံသားများအနေဖြင့် ဘတ်ဂျက်ဖြစ်စဉ်တွင် ပါဝင်လို့ရသလား၊ ဘယ်လိုပါဝင်ရမလဲ ဆိုတာနဲ့ပတ်သက်ပြီး ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းအဆင့်တွင် ပြည်သူများအနေဖြင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲသည့်ကာလအတွင်း စီမံကိန်းများ ဖော်ထုတ်ဦးစားပေး သတ်မှတ်ရာ တွင် ပြုလုပ်လေ့ရှိသည့် အစည်းအဝေးများ၊ ဆွေးနွေးညှိနှိုင်းမှုများတွင် ပူးပေါင်းပါဝင်နိုင် ပါတယ်။ ဘတ်ဂျက်ဥပဒေရေးဆွဲခြင်းတွင် ဘတ်ဂျက်များပြန်လည်သုံးသပ်ချင့်ချိန်ရာ၌ ဥပဒေပြုလွှတ်တော် အနေဖြင့် အစိုးရဌာနတစ်ခုချင်းစီနှင့် ပြည်သူများကို ပါဝင်ခွင့်ပေးသော ဘတ်ဂျက်ကြားနာပွဲများ ပြုလုပ်နိုင်ပါတယ်။ ဒါကတော့ ခုနကတင်ပြသွားတဲ့ ဦးခင်မောင်တင့် တို့ရဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ ဆောင်ရွက်နေတဲ့ ပုံစံဖြစ်ပါတယ်။ ဘတ်ဂျက် အကောင်အထည်ဖော်သုံးစွဲခြင်းတွင် ပြည်သူများအနေဖြင့် အစိုးရလုပ်ငန်းစဉ်များ၏ အရည်အသွေး၊ မှန်ကန်တိကျမှု၊ အကျိုးသက်ရောက်မှုတို့ကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းနှင့် အစိုးရထံဝေဖန်အကြံပြုချက်များ ပေးပို့ခြင်းအားဖြင့်

ပါဝင်နိုင်ပါတယ်။ ဘတ်ဂျက်ကခွင့်ပြုပြီး ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးရင် မြို့နယ်အသီးသီးမှာ အကောင်အထည်ဖော်မဲ့ ဒေသန္တရစီမံကိန်းများကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပြည်သူများ ခုနက မေးခွန်းတွေ မေးနေရသလို မရှိအောင်ပါဝင်စုစည်းပြီး ပေါင်းစပ်စိစစ်ပေးနိုင်ဖို့ဖြစ်ပါတယ်။

နိုင်ငံသားဘတ်ဂျက်တွင် ပါဝင်သောအကြောင်းအရာများကတော့ အခွန်ဆိုင်ရာမူဝါဒ၊ အသုံးစရိတ်ဆိုင်ရာမူဝါဒ၊ နိုင်ငံဖွံ့ဖြိုးရေးဦးစားပေးသတ်မှတ်ချက်များ၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးတည်ချက်များ၊ ကဏ္ဍအလိုက်အသုံးစရိတ်ခွဲဝေချထားမှု၊ စုစုပေါင်းဝင်ငွေ၊ ခွဲဝေသုံးစွဲငွေနှင့် လက်ကျန်ငွေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် ဘဏ္ဍာငွေခွဲဝေ သတ်မှတ်ခြင်း၊ ကာလရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကာလလတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဘတ်ဂျက်ဆိုင်ရာ အခြေခံကျသော စီးပွားရေးယူဆချက်များ၊ အခွန်ငွေကောက်ခံခြင်း၊ သုံးစွဲမှုကိုခွဲဝေခြင်း၊ သိသာထင်ရှားသည့် မူဝါဒသစ်များ၊ ဆက်သွယ်ရန်သတင်းအချက်များ စတာ တွေဟာ နိုင်ငံသားဘတ်ဂျက်တွင် ပါဝင်တာတွေဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ရေးဆွဲအကောင်အထည်ဖော်ပုံအဆင့်အဆင့်ကို ဇယားနဲ့တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသအပါအဝင် ရှမ်းပြည်နယ်တွင် (၂၆)ခုဖြစ်ပါတယ်။ ဒါတွေဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို အရအသုံးခန့်မှန်းခြေငွေစာရင်းတင်သွင်းပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ အရအသုံးခန့်မှန်းခြေငွေစာရင်း အတည်ပြုဖို့အတွက် တင်ပြလာတာဖြစ်ပါတယ်။ ပြီးရင် ပြည်ထောင်စုစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနကို ဆက်လက်တင်ပြရပါတယ်။ နောက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်နဲ့ ပတ်သက်တဲ့ တာဝန်ခံ ဒုတိယသမ္မတ(၂)ကို တင်ပြပြီး၊ ဘဏ္ဍာရေးကော်မရှင်ကိုဆက်လက် တင်ပြရပါတယ်။ ဘဏ္ဍာရေးကော်မရှင်မှာတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကအဖွဲ့ဝင်ဖြစ်တဲ့ အတွက် အဲ့ဒီအချိန်အထိ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ ဆွေးနွေးဆုံးဖြတ်နိုင်တာဖြစ်ပါတယ်။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးရင်တော့ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ အတည်ပြုပေးတာဖြစ်ပါတယ်။ အဲ့ဒီလို အတည်ပြု ပြီးတော့ ကျွန်တော်တို့ ဒီနေ့ စက်တင်ဘာလ (၁၇)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဥပဒေကြမ်း တင်သွင်းပြီး ဖြစ်ပါတယ်။ ဒီတင်သွင်းလာတဲ့ ဥပဒေကြမ်း

အပေါ်မှာ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ ရှမ်းပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဌာန်းနိုင်ဖို့အတွက် ဆွေးနွေးတင်ပြခြင်းဖြစ်ကြောင်း ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ရေးဆွဲပုံ အဆင့်ဆင့်ကို တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်ရဲ့ ဘတ်ဂျက်အချိန်ဇယားဖြစ်ပါ တယ်။ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာ လ ၃၀ ရက်နေ့အထိ အသုံးပြုသွားမဲ့ ဘတ်ဂျက်အချိန်ဇယားအသစ်ပဲဖြစ်ပါတယ်။ ဘတ်ဂျက် Calendar အရ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် (၃)လကတော့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မိမိဒေသမှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေနဲ့ပတ်သက်ပြီး စီမံကိန်း တန်ဖိုးတွက်ချက်မှုများဖြင့် ဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ မတ်လမှာ အပြာရောင်ပြ ထားတဲ့နေရာမှာတော့ သက်ဆိုင်ရာ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ လျာထားချက်နှင့် ပတ်သက်ပြီး BE စာရင်းနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ သုံးစွဲမဲ့ RE လို့ခေါ်တဲ့ SG စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြရမှာဖြစ်ပါတယ်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနဲ့ပတ်သက်ပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီရဲ့ စိစစ်ချက်တွေ၊ လွှတ်တော် ကိုယ်စားတွေပါဝင်တဲ့ အဖွဲ့တွေက မြေပြင်မှာ လိုအပ်မယ် ဆိုရင် စစ်ဆေးမှာ ဖြစ်ပါတယ်။ လိုအပ်လို့ရှိရင် မိမိဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေ မတ်လ ကာလ အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ကြရမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ ဒီစိစစ်ချက်တွေအားလုံးကို ပြည်နယ်အစိုးရအနေနဲ့ ခုနက ကျွန်တော်တင်ပြတဲ့ ဘတ်ဂျက် ဇယား အတိုင်းတင်ပြီးရင် ဇွန်လမှာ SG နဲ့ပတ်သက်တဲ့ Law (RE နဲ့ပတ်သက်တဲ့ SG Law)ကို ထုတ်ပြန်ပေးရမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်တို့ ဥပဒေပြုရေးကော်မတီ အနေနဲ့ ဥပဒေနဲ့အညီ ပြန်လည်စိစစ်ပြီး လွှတ်တော်ကို အစီရင်ခံမှာ ဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ SG လို့ခေါ်တဲ့ RE ပါမှာဖြစ်ပါတယ်။ နောက်ပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ မှာတော့ ခုနကတင်ပြထားတဲ့အရာတွေနဲ့ပတ်သက်ပြီး အဆင့်ဆင့် ပြည်ထောင်စုအဆင့်သို့ ဆက်လက် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ စက်တင်ဘာလမှာတော့ ပြည်နယ်အစိုးရ အနေ နဲ့ BE နဲ့ပတ်သက်တဲ့ Law အတွက်ကို ဘတ်ဂျက်သုံးစွဲပုံ ဥပဒေကို တင်ပြရတာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ရောက်ရှိနေတဲ့ စက်တင်ဘာလ၊ ဥက္ကဋ္ဌကြီးမှ အစည်းအဝေး စတင်ခေါ်ယူ ပေးတဲ့ စက်တင်ဘာလ (၁၇)ရက်နေ့မှ (၂၅)ရက်နေ့အတွင်းမှာ ရှမ်းပြည်နယ်အတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် သုံးစွဲမဲ့ ဘတ်ဂျက်ဥပဒေကို ထုတ်ပြန်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီဇင်ဘာလ အတွင်းမှာတော့ အစိုးရအဖွဲ့အနေနဲ့ ဘတ်ဂျက်သုံးစွဲမှုနှင့်ပတ်သက်ပြီး နှစ်ပတ်လည်

အစီရင်ခံစာ တင်သွင်းမှာ ဖြစ်ပါတယ်။ ဒါကတော့ တိုင်းဒေသကြီး/ ပြည်နယ်တွေရဲ့ ဘတ်ဂျက်အချိန်ဇယားနဲ့ ပတ်သက်ပြီး မတ်လမှာ BE စာရင်းရှိမယ်။ နောက် SG စာရင်း ရှိမယ်။ လျာထားချက်စာရင်းဖြစ်ပါ တယ်။ ဇွန်လမှာတော့ RE ကို SG Law အနေနဲ့ နှစ်ဝက် အစီရင်ခံစာနဲ့အတူ တင်ပြတာဖြစ် ပါတယ်။ စက်တင်ဘာလမှာတော့ BE Law ကို အတည်ပြုတာဖြစ်ပါတယ်။ ဒီဇင်ဘာလ မှာတော့ နှစ်ပတ်လည်အစီရင်ခံစာဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ပုံမှန်အစည်းအဝေး(၁)နှစ်ကို အနည်းဆုံး (၄)ကြိမ် ကျင်းပနိုင်ပါတယ်ဆိုတာလေးလည်း တစ်ဆက်တည်း ဆွေးနွေးတင်ပြလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ပြည်နယ် လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ) (၃) အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၈.၉.၂၀၁၈)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များမှ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်း သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇.၉.၂၀၁၈) ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ထို ဥပဒေကြမ်းတွင် အပိုင်း(၅)ပိုင်း၊ အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၁၆)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ဗဟိုအဖွဲ့အစည်း(၅)ခု၏ အခြားသာမန်ရငွေတွင် ပြည်နယ် အစိုးရအဖွဲ့ ငွေကျပ် ၁၉,၂၇၇.၈၃၈ သန်း၊ ပြည်နယ်လွှတ်တော် ငွေကျပ် ၂.၀၀၀ သန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်ရုံး ငွေကျပ် ၂၃၇.၂၈၈ သန်း၊ ပြည်နယ် ဥပဒေချုပ်ရုံး ငွေကျပ် ၀.၉၅၀ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ငွေကျပ် ၀.၅၇၂ သန်း၊ စုစုပေါင်း ငွေကျပ် ၁၉,၅၁၈.၆၄၈ သန်းနှင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေကျပ် ၆,၀၀၄.၀၀၀ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အကောက်မှာ ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် ငွေကျပ် ၉၉၀.၆၁၃ သန်း၊ နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် ငွေကျပ် ၆၅၇.၉၁၇ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့် အခွန် ငွေကျပ် ၁,၂၄၆.၅၅၈ သန်း၊ စုစုပေါင်း ငွေကျပ် ၂,၈၉၅.၀၈၈ သန်း ကောက်ခံရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃) ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၅၄.၄၀၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၉၉.၃၄၀ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၃)ခု ၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၁၅.၆၀၀ သန်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန အောက်ရှိ ဌာန (၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၉၉.၇၇၂ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၄)ခု၏ အခြားသာမန်ရငွေ ကျပ် ၇၃.၂၄၆ သန်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ ကျပ် ၉.၅၄၄ သန်း၊ အခြား သာမန်ရငွေမှာ ငွေကျပ် ၇၃.၂၄၆ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ် ၂၂၄,၀၉၀.၇၈၂ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု၏ အခြားသာမန်ရငွေမှာ ကျပ် ၁၄၂.၆၄၄ သန်း၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ စုစုပေါင်းရငွေ တွင် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ ကျပ် ၉.၅၄၄ သန်း၊ အခြားသာမန်ရငွေ ကျပ် ၄၈၅.၀၀၂ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၂၄,၀၉၀.၇၈၂ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အခြားသာမန်ရငွေမှာ ငွေကျပ် ၄၀.၀၀၀ သန်းနှင့် စည်ပင်သာယာရေး အဖွဲ့များ အခြားသာမန် ရငွေတွင် ငွေကျပ် ၁၆,၄၆၈.၆၃၂ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေကျပ် ၈,၅၄၉.၀၆၄ သန်း၊ ထောက်ပံ့ငွေကျပ် ၅,၅၀၀.၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၄၇,၂၈၁.၄၉၈ သန်း၊ ပေါင်းကျပ် ၆၁,၃၃၀.၅၆၂

သန်း၊ ပြည်နယ်လွှတ်တော် သာမန်သုံးငွေကျပ် ၁,၁၁၁.၅၈၄ သန်း၊ ငွေလုံး ငွေရင်းသုံးငွေကျပ် ၆၀၈.၆၂၂ သန်း၊ ပေါင်းကျပ် ၁,၇၂၀.၂၀၆ သန်း၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်ရုံး သာမန်သုံးငွေကျပ် ၆၆.၀၀၀ သန်း၊ ပြည်နယ်ဥပဒေချုပ်ရုံး သာမန် သုံးငွေကျပ် ၁,၀၃၉.၁၄၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၅၄၇.၂၅၀ သန်း၊ ပေါင်းကျပ် ၁,၅၈၆.၃၉၄ သန်း ။ ပြည်နယ်စာရင်း စစ်ချုပ်ရုံး သာမန်သုံးငွေကျပ် ၂,၂၃၆.၇၈၉ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၄၉၉.၅၆၇ သန်း၊ ပေါင်းကျပ် ၂,၇၃၆.၃၅၆ သန်း သုံးစွဲ သွားမှာ ဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်း(၅)ခု၏ သာမန်သုံးငွေ ကျပ် ၁၃,၀၀၂.၅၈၁ သန်း၊ ထောက်ပံ့ငွေကျပ် ၅,၅၀၀.၀၀၀ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၄၈,၉၃၆.၉၃၇ သန်း၊ စုစုပေါင်းကျပ် ၆၇,၄၃၉.၅၁၈ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးစွဲမှုတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၂၃,၂၆၈.၁၆၆ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၈,၀၅၂.၄၂၄ သန်း၊ ပေါင်းကျပ် ၃၁,၃၂၀.၅၉၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဌာန(၅)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၉,၄၁၃.၈၅၁ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၈၀၅.၃၀၈ သန်း၊ ပေါင်းကျပ် ၁၁,၂၁၉.၁၅၉ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှု မှာ သာမန်သုံးငွေ ကျပ် ၃,၀၇၃.၇၀၂ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၄၃၂.၃၂၁ သန်း၊ ပေါင်းကျပ် ၄,၅၀၆.၀၂၃ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၂,၅၁၂.၆၇၉ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၅၀၀.၀၀၀ သန်း၊ ပေါင်းကျပ် ၅,၀၁၂.၆၇၉ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၄)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၂,၁၆၇.၇၅၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၅၉၀.၅၆၂ သန်း၊ ပေါင်းကျပ် ၃,၇၅၈.၃၁၆ သန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၃၆,၂၉၆.၇၀၅ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၇၁,၅၅၆.၇၆၁ သန်း၊ ပေါင်းကျပ် ၁၀၇,၈၅၃.၄၆၆ သန်း၊ ကုန်တင်ကုန်ချ ကော်မတီရုံး၏ သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၁၉.၈၈၁ သန်း ဖြစ်ပြီး ဝန်ကြီးဌာန(၆)ခုနှင့် ကော်မတီရုံး(၁)ခု ၏ သာမန်သုံးငွေကျပ် ၇၆,၇၅၂.၇၃၈ သန်း ၊ ငွေလုံးငွေရင်းသုံး ငွေကျပ် ၈၆,၉၃၇.၃၇၆ သန်း၊ စုစုပေါင်းကျပ် ၁၆၃,၆၉၀.၁၁၄ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရ ပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ သုံးစွဲမှုတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ သာမန်သုံးငွေကျပ် ၂၄.၄၇၄ သန်း ၊ ငွေလုံးငွေရင်း သုံးငွေ ကျပ် ၁၉,၇၄၅.၅၀၀ သန်း၊ စုစုပေါင်းကျပ် ၁၉,၇၆၉.၉၇၄ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။ ဒါကတော့ ကျေးလက်မီးလင်းရေးတွေ၊ မြို့ပေါ်မှာ ဓါတ်အားပေးစနစ်ကို အဆင့်မြှင့်တင်တာတွေအတွက် သုံးမှာဖြစ်ပါတယ်။ အရင်တုန်းကတော့ သုံးခွင့်မရှိပါဘူး။ ခုတော့ ပြည်နယ်ဘတ်ဂျက်ကနေ စသုံးခွင့်ရလာပြီဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များသုံးစွဲမှုတွင် သာမန်သုံးငွေကျပ်သန်း ၈,၄၅၇.၀၉၀ သန်း ဖြစ်ပါတယ်။ အစောပိုင်းက စည်ပင်သာယာရေးဝန်ကြီးရှင်းပြခဲ့သလို မြို့နယ်ဖွံ့ဖြိုးရေး၊ စည်ပင်သာယာရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ လမ်းခင်းတာတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေ သုံးဖို့ အတွက် ငွေလုံးငွေရင်း သုံးငွေ ကျပ် ၁၀,၁၅၅.၀၀၀ သန်း ဖြစ်ပါတယ်။ ဒါကတော့ စည်ပင်သာယာရေးအဖွဲ့ (၈၃)ဖွဲ့ရဲ့ သုံးစွဲမဲ့ ငွေဖြစ်ပါတယ်။ စုစုပေါင်း ကျပ် ၁၈,၆၁၂.၀၉၀ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ အစိုးရအဖွဲ့အပါအဝင် ဗဟိုအဖွဲ့အစည်း(၅)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၈)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ(၁)ခုတို့၏ ရငွေမှာ ငွေကျပ် ၄၅,၄၂၀.၉၁၄ သန်းရရှိရန် လျာထားပြီး၊ ဗဟိုအဖွဲ့အစည်း(၅)ခု၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာ(၁၈)ခု၊ ကော်မတီရုံး(၁)ခု၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း(၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ (၁)ခုတို့၏ သာမန်သုံးငွေကျပ် ၁၀၃,၇၃၆.၈၈၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၆၅,၇၇၄.၈၁၃ သန်း စုစုပေါင်း ကျပ် ၂၆၉,၅၁၁.၆၉၆ သန်း သုံးစွဲရန်တင်ပြထားရာ ဘတ်ဂျက်လိုငွေကျပ် ၂၂၄,၀၉၀.၇၈၂ သန်းကို ပြည်ထောင်စုမှ ဖြည့်ဆည်းထားကြောင်း တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် သတ်မှတ်ထားတဲ့ ငွေစာရင်းခေါင်းစဉ် အလိုက် အသုံးစရိတ်တွေ၊ ဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ငွေစာရင်းတာဝန်ခံ အရာရှိများမှ ရငွေ၊ သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနဲ့အညီ ဆောင်ရွက်သွားဖို့ အကြံပြုတင်ပြလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)သို့ တက်ရောက် လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနှင့်တကွ လေ့လာသူများနှင့် တက်ရောက်လာကြသော ပြည်နယ်အဆင့်အရာရှိ၊ အရာခံများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ (၁၇-၉-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူ ပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။